သပြေသာကျေးရွာ

ကြိုင်းခွင်ကျေးရွာအုပ်စု

ဝန်းသိုမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

(၂၀၁၇–၂၀၂၁)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သပြေသာကျေးရွာ၊ ဝန်းသိုမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

မာတိကာ

ခေါင်းစဉ် စာမျက်နှာ

မာတိကာ ၁

စကားချီး ၅

သပြေသာကျေးရွာ **အရင်းအမြစ်ပြမြေပုံ**၊ဝန်းသိုမြို့နယ် ၇

သပြေသာ ကျေးရွာ **ရာသီခွင်ပြ ပြက္ခဒိန်**၊ ဝန်းသိုမြို့နယ် ၈

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၉

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက် ၉

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု ၁၀

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား ၁၀

(ခ) သဘာဝအရင်းအမြစ်များ ၁၀

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာ အချက်အလက်များ ၁၁

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ၁၁

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု ၁၂

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ ၁၃

(င) ကျန်းမာရေးနှင့် အာဟာရ ၁၄

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု ၁၄

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် ၁၅

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ ၁၅

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ၁၇

(ဃ) ရွှေ့ပြောင်းလုပ်သားများ ၁၈

(င) ကုန်စည်နှင့် ဝန်ဆောင်မှု စျေးကွက် ၁၉

(စ) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း ၁၉
(ဆ) ပတ်ဝန်းကျင် နှင့် သဘာဝအရင်းအမြစ်များ စီမံခန့်ခွဲမှု ၁၉
(ဇ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၁၉
(စျ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု – လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့် ဆက်သွယ်ရေး ၂၁
(ည) လူငယ်နှင့် ယဉ်ကျေးမှု ၂၂
(ဋ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၂၃
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၂၃
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၂၃
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ်
ကျသော ချိတ်ဆက်မှုများ ၂၅
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ
(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ၂၆
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေး စီမံချက်များ ၂၇
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ ၃၀
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၂
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ ၃၂
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ ၃၂
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၂
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန်
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ၃၃
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း ၃၃
(ခ) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း ၃၅
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား ၃၇
ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း ၄၂
ရည်ညွှန်းချက်များ ၄၃
နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ
(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု
(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ
ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့် အခက်အခဲများ

ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ
နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)
ကိုးကားစာရင်း
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၄၄
စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၁ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိ ပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော် လည်း လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းပါဝင် ဆောင်ရွက်သည့်နည်း လမ်းများနှင့် လုပ်ထုံး လုပ်နည်း များကို မသိ ခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် စီမံကိန်း ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း

ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သောကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက် များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင် အတွင်း ပြုပြင် ပြောင်းလဲမှု များ ဆက်လက်လုပ်ဆောင်သွားရပါမည်။


ဤဖွံ့ဖြိုးရေးစီမံကိန်းတွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းတွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက်အလက်၊ အကြောင်းအရာများ ဖြစ်ပြီး အဆိုပြု စီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက် အလက်များ ပါဝင်ပါသည်။

၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
သပြေသာကျေးရွာ
ကြိုင်းခွင်ကျေးရွာအုပ်စု
ဝန်းသိုမြို့နယ်

သပြေသာကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝန်းသိုမြို့နယ်

ရည်ညွှန်း- သပြေသာကျေးရွာအရင်းအမြစ်ပြမြေပုံ - သပြေသာကျေးရွာ၊ ကြိုင်းခွင်ကျေးရွာအုပ်စု၊ ဝန်းသိုမြို့နယ်တွင်ပြုလုပ်သော ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲ ခြင်း အစီအစဉ်တွင် ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ပူးပေါင်းအကဲဖြတ်ခြင်းမှ ရယူသည်။ (၂၀၁၇၊ နိုဝင်ဘာလ ၂၅ ရက်)


ကျေးရွာ
ရာသီခွင်ပြ ပြက္ခဒိန်
လ/ အလုပ်အကိုင်
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
အလုပ်အကိုင်
သီးနှံပိုးမွှားရောဂါ ကျရောက်မှု
သဘာဝ ဘေးအန္တရာယ်

အပိုင်း က

ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

(၁) နိဒါန်း

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်။ ။ ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံ များကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ် ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိ လာ ကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာ များ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့် အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများ နှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်း များကို လည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်း နှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများနှင့် လွတ်တော်အား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက် လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့ အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်း များအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာ နှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာ နှင့်ဆိုင် သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေး ဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ် ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု။ ။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလ တစ်ခုအတွင်း ကျွနုပ်တို့ ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့် အခြား အဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီ များကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေး အမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင် ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှု ဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင် ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထု ပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုး ပေးရာ ရောက်ပါသည်။

ကျွနုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည် ဖော်ရာတွင် ကျွနုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ပါမည်။ ကျွနုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတု နှင့် မြေမျက်နှာသွင်ပြင် အနေအထား။ ။ ကျွန်တော်တို့သပြေသာရွာ ဝန်းသို-ကောလင်းမြို့ချင်းဆက်လမ်းဘေးတွင်တည်ရှိပါသည်။ဝန်းသိုမြို့မှဖဖိုင်ကွာဝေး၍ ကောလင်းမြို့မှ ၂မိုင်ကွာဝေးပါသည်။ရွာ၏မြောက်ဘက်တွင် ဝန်းသိုကောလင်းလမ်းမကြီးနှင့် ဒေါင်းမြူးချောင်းကူးတံတားတည်ရှိပါသည်။မြောက်ဘက်ဘမိုင်ခန့်အကွာတွင် ကြိုင်းခွင်ကျေးရွာ တည်ရှိပါသည်။ရွာ၏အရှေ့ဘက်တွင် ဘုန်းကြီးကျောင်းနှင့် သောက်ရေတွင်းဘတွင်းရှိပါသည်။ ရွာ၏အရှေ့တောင်ဘက်တွင် အောင်းကုန်းကျေးရွာ၊အနောက်မြောက်ဘက်တွင် စိန်လည်ကျေးရွာ တည်ရှိကြပြီး စိန်လည်ကျေးရွာ၏ အရှေ့ဘက်မှ စီးဆင်းနေသော ဒေါင်းမြူးချောင်းသည် ရွာ၏အနောက်ဘက်တည့်တည့်မှစီးဆင်းနေပါသည်။ရွာ၏အရှေ့ဘက်နှင့်တောင်ဘက်တွင် လယ်ကွင်းများရှိပါသည်။

ကျွန်တော်တို့ကျေးရွာသည် ချောင်းကမ်းပါးနံဘေးတွင် တည်ရှိသော မြေပြန့်ကျေးရွာလေးဘရွာဖြစ်ပါသည်။ချောင်းနားကမ်းနားရွာလေးဖြစ်တာနှင့်အညီ နှစ်စဉ်မိုးရာသီတွင် ရေကြီးရေလျှံခြင်း၊ ရေတိုက်စား၍ ချောင်းကမ်းပါးပြိုခြင်းများသည် ကျေးရွာ၏ ကြုံတွေ့နေကြအခက်အခဲများဖြစ်ပါသည်။လမ်းပန်းဆက်သွယရေးအခြေအနေဖြင့် ဝန်းသို-ကောလင်းအလယ်လမ်းနှင့် ထိစပ်လျှက်ရှိသောကြောင့် လမ်းပမ်းဆက်သွယ်ရေးကောင်းသောရွာလေးတစ်ရွာဖြစ်ပါသည်။

ကျွန်တောတို့ကျေးရွာသည် စိုက်ပျိုးရေးကို ကောင်းစွာစိုက်ပျိုးနိုင်သော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။အနောက်ဘက်တွင်ဒေါင်းမြူးချောင်းရှိသောကြောင့် လယ်ယာစိုက်ပျိုးရေးအပြင် အခြားသစ်သီးဝလံများကိုလည်း စိုက်ပျိုးနိုင်ကြသောကြောင့် စိုက်ပျိုးရေဖြင့် ကျေးရွာ၏ဂုဏ်ကို မြှင့်တင်နေသောရွာတစ်ရွာဖြစ်ပါသည်။

(ခ) သဘာဝအရင်းအမြစ်များ။ ။ကျွန်တော်တို့သပြေသာကျေးရွာတွင် ကျောက်စရစ်၊သဲ၊ ဂျင်းကျောက်များ အလွယ်တကူရရှိသုံးစွဲနိုင်ပါသည်။ သဘာဝအပင်မျိုးစိတ်များအသင့်အတင့်ရှိပြီး နွားစာမြက်များအသင့်အတင့်ပေါများပါသည်။ဆေးဘက်ဝင်အပင်များအနေနှင့် လောက်သေ၊ ဝံအူ၊ ဖုန်းမသိမ်၊ကျားမုတ်ဆိတ်၊တပတ်ခွေးခေါင်း၊ဆေးခါးကြီးပင်တို့ကိုတွေ့ရှိရပါသည်။သဘာဝတိရစ္ဆာန်တို့မှာယုန်၊ချိုး၊ဇရက်၊ခါ၊စာကလေးများကိုတွေ့ရှိရပါသည်။

(၃) လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ။။ ကျွန်တော်တို့ကျေးရွာတွင်အိမ်ထောင်စု(၃၅)စုရှိပါသည်။တစ်နှစ်အောက်နို့စို့အရွယ်ကလေးများမှာ ခြောက်လအထိမိခင်နို့ကိုတိုက်ကျွေးပြီး ကာကွယ်ဆေးများတိုက်တကျွေးချင်းကြောင့် ကျမ်းမာသန်စွမ်းလျှက်ရှိပါသည်။ ၁နှစ်မှ၅နှစ်အထိ

ကလေးမှာ ၁၂ယောက်ရှိပါသည်။၅နှစ်မှ၉နှစ်အထိကလေး၂၂ယောက်ရှိပြီး အချို့မှာ KGတန်းနှင့် မူတန်းပညာများအား အသီးသီးသင်ယူနေကြလျက်ရှိပါသည်။၁၀နှစ်မှ၁၄နှစ်အထိ အလယ်တန်း ကျောင်းသား (၁၄)ယောက်ရှိပြီး (၅)ယောက်မှာ စီးပွားရေးအခြေပနေကြောင့် ကျောင်းဆက် မတက်နိုင်ပဲ မိဘများအား ဝိုင်းကူနေကြရပါသည်။၁၅နှစ်မှ၆၄နှစ်အရွယ် ၁၃၇ ယောက်ရှိပြီး ၁၂၈ယောက်မှာ အလုပ်လုပ်နိုင်သောအရွယ်များဖြစ်ကြပြီး ၉ယောက်မှာ ကျေးငနေတုန်းဖြစ်ပါသည်။ ၆၄နှစ်အထက် သက်ကြီးရွယ်အို ၁၄ ယောက်ရှိပါသည်။ထိုသူများသည် မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်ကြရပါသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု ။ ။ ကျွန်တော်တို့သပြေသာကျေးရွာ၏ အဓိကဝင်ငွေရစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးရေး ဖြစ်ပါသည်။မွေးမြူရေးလုပ်ငန်းကိုလည်း တစ်ပိုင်တစ်နိုင်လုပ်ကိုင်ကြပါသည်။ဈေးကြီးမှ ကုန်ပစ္စည်းများတယ်ယူ၍ ရွာတွင်လှည့်လည်ရောင်းချခြင်း၊ကုန်စုံဆိုင်ဖွင့်လှစ်၍ ရောင်းချခြင်း၊မိမိတို့ရွာမှ ထွက်ရှိသောကုန်စိမ်းများကိုလည်း ဈေးသို့သွားရောက်ရောင်းချခြင်းများဖြင့် အသက်မွေးဝမ်းကြောင်းပြကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် လုပ်အားခသတ်မှတ်ချက်နှုန်းမှာ အများဆုံး ကျား ၄၀၀၀ ၊မ ၃၀၀၀ ၊အနည်းဆုံး ကျား ၃၀၀၀၊မ၂၅၀၀ ဟု သတ်မှတ်ထားပါသည်။ အမျိုးသားလုပ်အားခနှင့် အမျိုးသမီးလုပ်အားခကွာခြားရခြင်းမှာ အမျိုးသားများသည် အမျိုးသမီး များထက် ခွန်အားဖြင့် ပိုမိုလုပ်ဆောင်နိုင်ခြင်း၊စွမ်းဆောင်ရည်မြင့်မားခြင်းတို့ကြောင့် ဝင်ငွေပိုရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့သပြေသာရွာတွင် စိုက်ပျိုးရေး လုပ်ငန်းအတွက် လယ်မြေ(၁၇၄.၅၅)ဧက၊ ယာမြေ/တောင်ယာမြေ(၅၈)ဧက၊ဥယာဉ်ခြံမြေ(၁ယ၅)ဧက၊ ကိုင်းကျွန်းမြေ (၂၄.၁၈)ဧက ရှိပါသည်။ ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှုမှာ အများဆုံးဖြစ်ပြီး မြေဆီမြေဩဇာအလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ကျွဲများ၊နွားများ၊လယ်ယာသုံးစက်ပစ္စည်းများလည်း ပိုင်ဆိုင်ကြပါသည်။

အဆင်ပြေသောအိမ်ထောင်စု(၁၁)အိမ်၊ အလယ် အလတ် အိမ်ထောင်စု(၁၀)အိမ်၊ မပြေလည်သောအိမ်ထောင်စု(၁၄)အိမ်ရှိပြီး မပြေလည်သောအိမ်ထောင်စုမရှိပါ။

(ဂ) ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်နစ်နာလွယ်မှု ။ ။ စားနပ်ရိက္ခာဖူလုံမှုစစ်တမ်းအရ ဆင်းရဲ သော အိမ်ထောင်စုများမှာ ၃လ မှ ၆လအောက် ချေးငှားခြင်း၊ လုပ်အားခကြို ယူခြင်း အိမ်ထောင်စု(၃)စု၊၃လမှ၆လကြားချေးယူခြင်း၊လုပ်အားခကြိုယူခြင်း အိမ်ထောင်စု(၂)စု အစရှိ သဖြင့်စားဝတ်နေရေးအားဖြေရှင်းနေကြရပါသည်။

ကျေးရွာ၏ စားနပ်ရိက္ခာဖူလုံမှုမှာ အိမ်ထောင်စုအနည်းငယ်သာတွေ့ရှိရပါသည်။ သဘာဝ အရင်းအမြစ်ရှားပါးမှုမရှိပါ။ရေကြီးခြင်းမှာ နှစ်စဉ်ကြုံတွေ့နေကြရပါသည်။ ငှက်ဖျားရောဂါ ဖြစ်ပွားမှုများ အနည်းငယ်သာရှိပါသည်။ တိရစ္ဆာန်ကူးစက်ရောဂါမှာ နွားများခွာနာ၊လျှာနာရောဂါ ဖြစ်ပွားလေ့ရှိပါသည်။ ငှက်ဖျားရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။တီဘီရောဂါ၊ကိုယ်ခံအား ကျဆင်းသည့်ရောဂါနှင့် အခြားကူးစက်ရောဂါများမရှိပါ။

ကျွန်တော်တို့ကျေးရွာတွင် မြေနိမ့်ပိုင်းနေထိုင်သူအနည်းငယ်ရှိပါသည်။ ရွှေ့ပြောင်းလုပ်သား အနည်းငယ်ရှိသော်လည်းကျေးရွာအတွက်လုပ်အားကျဆင်းမှုမရှိပါ။ကျေးရွာတွင် အမျိုးသမီးဦး ဆောင်သူ အိမ်ထောင်စုမရှိပါ။မူးယစ်ဆေးစွဲသောသူများလည်းမရှိပါ။ကျပန်းလုပ်သားများလည်း မရှိပါ။သဘာဝဘေးအန္တရယ်ကျရောက်နိုင်သောဒေသတွင်နေထိုင်သူများ၊ကူးစက်ရောဂါရနိုင်ခြေရှိ ေသူများ၊ရွှေတွင်းလုပ်သားများ၊နေရပ်စွန့်ခွာသွားသူများ မရှိကြပါ။

(ဃ) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျွန်တော်တို့ရွာ၏ ပညာရေးမှာ အသင့်အတင့်ရှိပါသည်။ရွာသူ/ရွာသားများသည် မူလတန်း ကျောင်းထွက်ဦးရေ ပိုများလှပါသည်။ကျွန်တော်တို့ကျေးရွာတွင် စာမတတ်သူမရှိပါ။ မူလတန်း အဆင့် ကျား(၅၄)ဦး၊ မ (၇၇)ဦး၊ ပေါင်း(၁၃၁)ဦး၊အလယ်တန်းအဆင့် ကျား(၁၁)ဦး၊ မ (၁၅)ဦး၊ ပေါင်း(၂၆)ဦး၊ အထက်တန်းအဆင့် ကျား(၇)ဦး၊ မ(၉)ဦး၊ ပေါင်း (၁၆)ဦးရှိပါသည်။ တက္ကသိုလ်အဆင့် ကျား(၄)၊ မ (၁၀)၊ ပေါင်း (၁၄)ဦး စသဖြင့်ပညာ တတ်မြောက်မှု အခြေ အနေ ရှိပါသည်။ယခုအခါတွင် မူလတန်းအဆင့် ကျား(၁၁)ဦး၊ မ (၁၃)ဦး၊ပေါင်း(၂၄)ဦး၊ အလယ် တန်း အဆင့် ကျား(၃)ဦး၊ မ(၆)ဦး၊ ပေါင်း(၉)ဦး၊ ၊ အထက်တန်းအဆင့် ကျား(၁)၊ မ(၅)ဦး၊ ပေါင်း(၆)ဦး တက္ကသိုလ် အဆင့် မ(၇)ဦး ပညာသင်ကြား လျှက်ရှိပါသည်။ ကျွန်တော်တို့ကျေးရွာတွင် စာသင် ကျောင်းမရှိပါ။ (၁)မိုင်ခန့်ဝေးသော အောင်းကုန်းကျေးရွာမူလတန်းကျောင်းသို့ သွားရောက် ပညာ သင်ကြားရပါသည်။ မူလတန်းကျောင်းပြီးသည်နှင့် အလယ်တန်း၊ အထက်တန်းသို့ မတက်နိုင်ကြပဲ တစ်ချို့တစ်ဝက်လောက်သာဘွဲ့ရသည်အထိ နေနိုင်ကြပါသည်။ အလယ်တန်း အဆင့်နှင့် အထက် တန်းအဆင့်ကို မြို့ပေါ်တွင် တက်ရောက်ရသောအခါ အဆောင်ခ၊ ကျူရှင်ခ၊ ထမင်းစရိတ် များကြီးမားသောကြောင့် စီးပွားရေးအဆင်ပြေသူများသာ တက်ရောက်နိုင် ကြပါသည်။ထို့ကြောင့် အချို့ကျောင်းသားများသည် ကျောင်းထွက်ခါ မိဘလက်ငုပ်လက်ရင်း အလုပ်များကိုသာ ဝင်ရောက်လုပ်ကိုင်ကြရပါသည်။

(c) ကျန်းမာရေး နှင့် အာဟာရ။ ။ ကျွန်တော်တို့သပြေသာကျေးရွာတွင် သွေးလွန်တုတ်ကွေးရောဂါ၊ဌက်ဖျားရောဂါ၊ဆီးချိုနှင့် သွေးတိုးရောဂါ အနည်းငယ်ခံစားရပါသည်။ ကျေးရွာတွင် ကာကွယ်ဆေးထိုးနှံမှုမှာ ကာကွယ်ဆေးအားလုံးထိုးနှံမှုမရှိကြောင်း တွေ့ရှိရပါသည်။ အဟာရမှတ်တမ်းယူမှုများလည်း ရှိပါသည်။အဟာရပညာပေးအစီအစဉ်များကို ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်တိုင်း ပညာပေးဟောပြောလေ့ရှိပါသည်။

ကျေးလက်ကျန်းမာရေးဌာနသည် ကြိုင်းခွင်ကျေးရွာတွင်သာရှိပြီး ကျွန်တော်တို့ရွာနှင့် တစ်မိုင်ခန့်ဝေးကွာပါသည်။ကျန်းမာရေးဌာနတွင် ဆေးသိုလှောင်ခန်း၊ကုတင်များလုံလုံလောက်လောက်ရှိပါသည်။မြို့နယ်ဆေးရုံအနေဖြင့် ကောလင်းမြို့နှင့်ပိုမိုနီးစပ်သဖြင့် ကောလင်းမြို့နယ်ဆေးရုံသို့သာ တက်ရောက်ကုသကြပါသည်။ကျေးရွာတွင်းနှင့် ကျေးရွာအနီးအနားတွင် ဆေးဆိုင်များမရှိပါ။

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု။ ။ ကျွန်တော်တို့ရွာတွင် အမျိုးသမီးများသည် မိမိတို့စားဝတ်နေရေးကိုသာ အာရုံစိုက်နေရသဖြင့် လူမှုအဖွဲ့အစည်းနှင့် ကျေးရွာစီမံအုပ်ချုပ်မှု စနစ်များတွင်တက်ကြွစွာပါဝင်ဦးဆောင်နိုင်ခြင်းမရှိပါ။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာပဝင်မှုရှိပြီး လွန်ခဲ့သောနှစ်အတွင်း အမျိုးသမီးများအား အကြမ်းဖက်မှုများကို တိုင်ကြားမှုမရှိ၍ အမျိုးသမီးရေးရာအကြမ်းဖက်မှုများအတွက် ဥပဒေနှင့် တရားမျှတမှုဆိုင်ရာ လူထု၏အသိအမြင်မှာ ကောင်းမွန်စွာတွေ့ရှိရပါသည်။

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ် အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန် များစွာ အထောက်အကူပြုနိုင်ပါသည်။

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်။ ။ ကျွန်တော်တို့ကျေးရွာတွင် ဂေါပကအဖွဲ့၊ဟင်းအိုးသူကြီးအဖွဲ့၊လူငယ်ပရဟိတအဖွဲ့၊သမဝါယမငွေစုငွေချေးအဖွဲ့၊လယ်သမားအဖွဲ့၊မွေးမြူသမားအဖွဲ့များရှိကြပါသည်။ယင်းအဖွဲ့အသီးသီးတွင် အမျိုးသား၊အမျိုးသမီးများ ဦးဆောင်၍ပါဝင်လုပ်ဆောင်ကြပါသည်။ထိုအဖွဲ့များတွင် ငွေကြေး၊ဘာသာရေး၊လူမှုအဖွဲ့အစည်း၊သာရေး၊နာရေး၊စိုက်ပျိုးမွေးမြူရေးစသည်များပါဝင်ပါသည်။အသင်းအဖွဲ့များ၏ စွမ်းဆောင်နိုင်မှုမှာကောင်းပါသည်။ကျွန်တော်တို့ကျေးရွာတွင် ပြင်ပအဖွဲ့အစည်းမှာ Union အဖွဲ့အစည်းတစ်ခုရှိပါသည်။ယင်းအဖွဲ့အစည်းမှာ ကျန်းမာရေးအတွက် အဓိကအားထားရသောအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ကျေးရွာမြေနေရာသည် ကျဉ်းမြောင်းသောကြောင့် ကျေးရွာမြေနေရာသစ်များတိုးချဲ့ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။

(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ။ ကျွန်တော်တို့ရွာတွင် လယ်မြေကေ(၁၇၄.၅၅)ဧကေ၊ ယာမြေ/တောင်ယာမြေ(၅၈)ဧကေ၊ဥယာဉ်ခြံမြေ(၁.၅၀ဧကေ၊ကိုင်း/ကျွန်းမြေ(၂၄.၁၈)ဧကေ ရှိပါသည်။ လယ်မြေများ၊ကိုင်းကျွန်းမြေများမှာ မြေဆီမြေဩဇာကောင်းမွန်ပါသည်။ ယာမြေများနှင့် ဥယျာဉ်ခြံမြေများမှာ မြေဆီမြေဩဇာ အနည်းငယ်သံ့ကြောင်းတွေ့ရှိရပါသည်။

ကျွန်တော်တို့ရွာတွင် အိမ်ခြေ(၃၅)အိမ်ရှိပြီး မြေယာမဲ့(၂)ဦး၊၂.၅ဧကအောက်(၆)ဦး၊ ၂.၅မှ၅ဧကကြား (၁၀)ဦး၊၅ဧကမှ၁၂.၅ဧကကြား(၁၂)ဦး၊၁၂.၅ဧကအထက်(၅)ဦး စုစုပေါင်း (၃၅)ဦး ရှိပါသည်။အဓိကစပါးကိုသာစိုက်ပျိုးကြပြီး ပျမ်းမျှ(၆၀)တင်းမှ (၉၀)တင်းထိ ထွက်ရှိပါသည်။နှမ်းလည်းစိုက်ပျိုးကြပါသည်။အများဆုံးတင်း(၁၀)တင်းမှ(၁၅)တင်းအထိထွက်ရှိပါသည်။စပ ါးမှာ ဈေးနှုန်းအတက်အကျရှိမှုကြောင့် အမြတ်ရရှိမှုမှာ အလယ်အလတ်သာရှိပါသည်။ ဟင်းသီး ဟင်းရွက်နှင့်ပန်းမာန်များကို စိုက်ပျိုးကြသော်လည်း သွင်းအားစုမှာ အလယ်အလတ်သာ သွင်းကြရပြီး ဈေးကွက်မတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာ အလယ်အလတ်သာ ရှိပါသည်။တောင်ယာမြေများတွင် နှမ်းကိုအဓိကထားစိုက်ပျိုးကြသော်လည်း သွင်းအားစုမှာ အလယ်အလတ်ရှိပြီး အထွက်နည်းသဖြင့် အကျိုးအမြတ်ရရှိမှုမှာ အနည်းငယ်သာရှိပါသည်။ ပြောင်းကိုအနည်းငယ်စိုက်ပျိုး၍ အဖူးစားပြောင်းများဖြစ်ပြီးအဖူးစားပြောင်းများဖြစ်ပြီး ဈေးမတည်ငြိမ်မှုကြောင့် အကျိုးအမြတ်ရရှိမှုမှာအနည်းငယ်သာရကြပါသည်။

ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးသုံးကိရိယာများဖြစ်ကြသော လယ်တွန်းထွန်စက် ၁၅လုံးရှိပြီး ငှားရမ်းအသုံးအပြုသူမှာ၁၈ဦးရှိပါသည်။တစ်ဧကငှာရမ်းနှုန်းမှာ၁၅၀၀၀ ရှိပါသည်။ ခြွေလှေ့စက်ပိုင်ဆိုင်သူမှာ၅ဦးသာရှိပြီး ငှားရမ်းအသုံးပြုသူမှာ ၂၅ဦးရှိပါသည်။ အချိန်မှီ ခြွေလှေ့ ရရှိရန်မှာ အခက်အခဲရှိပါသည်။ရေစုပ်စက်၅လုံးရှိပြီး အခက်အခဲမရှိပါ။ မြက်ရိတ်စက်များလည်း ရှိကြသဖြင့် နွားစာ၊ကျွဲစာများအတွက် အခက်အခဲမရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။ ။ ကျွန်တော်တို့ လွင်ကြီးကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ မရှိပါ။ အသက်မွေးဝမ်းကြောင်းနည်းပညာဆိုင်ရာအသိပညာအားနည်းခြင်း၊ ဈေးကွက်ဆိုင်ရာ အသိပညာ မရှိခြင်း၊ကျေးရွာချင်းဆက်မကောင်းခြင်း၊အတတ်ပညာမရှိခြင်းတို့ကြောင့် အခြားအသက်မွေး ဝမ်းကြောင်းစီးပွားရေးလုပ်ငန်းမရှိခြင်းဖြစ်ပါသည်။

(ဃ) ရွှေ့ပြောင်းလုပ်သားများ။ ။ကျွန်တော်တို့သပြေသာကျေးရွာတွင် အခြားဒေသများသို့ သွားရောက်အလုပ်လုပ်သည့် အိမ်ထောင်စု(၂)စုရှိပါသည်။ ၁၂အထက်သွားလာနေထိုင်ကြပါသည်။ ပြောင်းရွှေ့လုပ်သားစုစုပေါင်း(၄)ဦးသာရှိ၍ ကျေးရွာတွင် လုပ်သားအင်အားလျော့နည်းမှုမရှိပါ။

အများစုမှာ အလုပ်အကိုင်နှင့် ငွေကြေးအခွင့်အလမ်းများ ရှာဖွေရန် သွားလာသူများဖြစ်ပြီး ကျန်တစ်ဦးမှာ မည်သည့်အကြောင်းအရင်းဖြင့် ရွှေ့ပြောင်းသွားကြောင်းမသိရပါ။ရွှေ့ပြောင်းလုပ်သား များထံမှ ပြန်ပို့ငွေကိုမှီခိုရသော အိမ်ထောင်စုမှာ အနည်းငယ်သာရှိပါသည်။ လူကြုံနှင့်ငွေလွှဲခြင်း နည်းဖြင့် ပြန်ပို့ကြပါသည်။

(ဂ) ကုန်စည် နှင့် ဝန်ဆောင်မှု စျေးကွက်။ ။ ကျွန်တော်တို့ရွာသည် ဝန်းသိုမြို့နယ်၏ တောင်ဘက်ဆုံးနယ်ဆုံးရွာဖြစ်ပြီး ကောလင်းမြို့ နှင့်နီးကပ်စွာတည်ရှိသောကြောင့် အနီးဆုံးစျေးမှာ ကောလင်းမြို့စည်ပင်သာယာစျေးဖြစ်ပြီး အသေးအဖွဲမှအစအကြီးများဆုံးပစ္စည်းအထိ ရောင်းဝယ်နိုင်ကြပါသည်။သယ်ယူပို့ဆောင်ရေးအနေဖြင့် ဆိုင်ကယ်၊ကား၊ထော်လာကျီ၊သုံးဘီးဆိုင်ကယ်များကို အသုံးပြုကြပြီး စျေးအဆောက်အဦမှာလည်း ကောင်းမွန်ကြောင်းတွေ့ရှိရပါသည်။

(စ) ငွေကြေးလက်လှမ်းမီမှု နှင့် ဘဏ်လုပ်ငန်း။ ။ ကျွန်တော်တို့ရွာရှိ တောင်သူလယ်သမား များကို မြန်မာ့စိုက်ပျိုးရေးဘဏ်မှ ချေးငွေရရှိပါသည်။ ၃လမှဖြလအတွင်းကာလကို ချေးငွေဖြစ် ပါသည်။အတိုးနှုန်းမှာ(၂%)ဖြစ်ပါသည်။ လယ်ဂရန်များကို အပေါင်ခံ ပစ္စည်းအဖြစ် ယူဆောင်သွား ရသည်။သမဝါယမချေးငွေလည်း ရရှိပါသည်။အပေါင်ခံပစ္စည်းယူဆောင်သွားရန် မလိုအပ်ပါ။ စပါး များကို စျေးနှုန်းအခက်အခဲကြောင့် နောက်ကျမှ ရောင်းရခြင်း၊ သီးနှံစျေးနှုန်းမှန်ကန်စွာ မရခြင်း တို့ကြောင့် ပြန်လည်ပေးဆပ်ချိန်များတွင် အခက်အခဲအနည်းငယ်ရှိပါသည်။

(ဆ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစိမ်ခန့်ခွဲမှု။ ။ ကျွန်တော်တို့ရွာသည် မြေဆီဩဇာအခြေအနေ အခက်အခဲရှိပါသည်။ထို့အပြင် မြေဩဇာအသုံးပြမှု များပြားလာသည် နှင့်အမျှ မြေဆီဩဇာ ခမ်းခြောက်လာခြင်း များကြုံတွေ့ကြရပါသည်။ဖျက်ပိုးနှင့်ရောဂါထိန်းချုပ်မှုမှာ အခက်အခဲအနည်းငယ်ရှိပါသည်။ရေအရင်းအမြစ်မှာ အလုံအလောက်ရရှိ၍ အခက်အခဲမရှိပါ။ ငါးမျိုးကွဲများမှာ ကျဉ်စက်ထိုးမိုင်းခွဲခြင်းနှင့်ပိုးသတ်ဆေးသုံးစွဲမှုတို့ကြောင့် သေဆုံးမှုမှာများပြားပြီး အခက်အခဲအနည်းငယ်ရှိပါသည်။တိရစ္ဆာန်မျိုးစိတ်များ ရှားပါးလာကြောင်း တွေ့ရှိရပါသည်။ စွန့်ပစ်ပစ္စည်းကို သတ်မှတ်နေရာတွင် စွန့်ပစ်မီးရှို့ခြင်းကြောင့် အခက်အခဲမရှိပါ။

ကျွန်တော်တို့ရွာတွင် ရေတွင်း ၈ တွင်းရှိပြီး ကျန်အိမ်များသည် ရေတွင်းရှိသောအိမ်များမှ သွားရောက်ခပ်ယူကြရပါသည်။အဝီစိတွင်း၊တုံကင်တွင်းမှာ ၈တွင်းရှိပြီး နွေ၊မိုး၊ဆောင်းရာသီ သုံးပါးလုံးလုံလောက်ပါသည်။ချောင်းရေကိုသောက်သုံးသူမှာ၅၅ဦးရှိပါသည်။ချောင်းရေသည် နွေရာ သီတွင် ရေခမ်းခြောက်သဖြင့် သောက်သုံးရေမရနိုင်တော့ပါ။ကျွန်တော်တို့ရွာဦသည် သောက်ရေကို ရွာဦးဘုန်းကြီးကျောင်းတောင်ဘက်ကုန်းတွင်ရှိသော သောက်ရေတွင်း တစ်တွင်းကိုသာ အသုံးပြုကြ ရပါသည်။

ကျွန်တော်တို့ရွာတွင် ယင်လုံအိမ်သာ ၃၃လုံးရှိပါသည်။ ကျေးရွာတွင် အိမ်သာမရှိသော အိမ်ထောင်စု ၂စုရှိပါသည်။ယင်းအိမ်သာမရှိသောအိမ်ထောင်စုနှစ်စုမှာ အိမ်သာဆောက်လုပ်နေဆဲ ဖြစ်ပါသည်။

(ဈ) အခြေခံ အဆောက်အဦများအား လက်လှမ်းမီမှု (လမ်း၊ တံတား၊ လျှပ်စစ်မှုန်းအား၊ သတင်း နှင့် ဆက်သွယ်ရေး) ။ ။ ကျေးရွာတွင်းရှိလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး အရည်အသွေးမှာ သင့်တော်သောအနေအထားသာရှိ၍ တစ်နှစ်ပတ်လုံး အသုံးပြုနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းများမှာ မြေသားလမ်းများဖြစ်၍ ရေကြီး၊ရေလျှံမှု၊ကျောက်တင်ကားများ သွားလာမှုတို့ကြောင့် ကျင်းချို့များဖြစ်ကာ သွားလာရန် ခက်ခဲမှုများရှိပါသည်။

ကျွန်တော်တို့ရွာသည် ဝန်းသို-ကောလင်းကျေးရွာချင်းဆက်လမ်းနဘေးတွင်တည်ရှိပြီး သပြေသာရွာနှင့်စိန်လည်ရွာကြားရှိ တံတားမှာ ကမ်းကပ်ခုံ၊ရေလယ်တိုင်၊ ကွန်ကရစ်ယက်မများ ပြီးစီးပြီး ကြမ်းခင်းများမခင်းရသေးသောတံတားတစ်စင်းနှင့် သစ်သားတံတားနှစ်စင်း၊ ရေပြွန်နှစ်စင်းနှင့်ရေကျော်တစ်စင်းရှိပါသည်။တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။

ကျွန်တော်တို့ရွာ၏ လျှပ်စစ်မီးရရှိမှုအခြေအနေမှာ အိမ်ခြေ(၃၅)အိမ်မှာ မဟာဓာတ်အားလိုင်းရရှိပြီး၊အိမ် (၁)အိမ်မှာ ဆိုလာစနစ်ဖြင့်အသုံးပြုကြပါသည်။ ကျွန်တော်တို့ရွာ၏ ဆက်သွယ်ရေးတွင် ဖုန်း(၆၉)လုံး၊ရေဒီယို(၆)လုံး၊ တီဗွီ(၃၂)လုံးနှင့် PSI စလောင်း(၃၀)လုံးရှိခြင်းကြောင့် အချိန်နှင့်တပြေးညီ သတင်းအချက်အလက်များအား သိရှိနိုင်ပါသည်။

(ည) လူငယ် နှင့် ယဉ်ကျေးမှု။ ။ ကျွန်တော်တို့သပြေသာကျေးရွာတွင် လူငယ်မောင်မယ်များအပန်းဖြေနားနေရန် ပျော်ပွဲရွှင်ပွဲများရှိပြီး လူငယ်မောင်မယ်များသည် လူမှုရေးလုပ်ငန်းများတွင် ကောင်းမွန်စွာပါဝင်ကြပါသည်။ဘာသာရေးလုပ်ငန်းများတွင်လည်း ပါဝင်မှုရှိကြပါသည်။ အားကစားနှင့်ကာယလုပ်ငန်းများလုပ်ဆောင်ရန် နေရာအထောက်အကူပြုပစ္စည်းများမရှိပါ။ရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသင့်အတင့် ပါဝင်ကြပါသည်။ ရိုးရာဓလေ့ထုံးစံများ၊ယဉ်ကျေးမှုအမွေအနှစ်များရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုထိန်းသိမ်းစောင့်ရှောက်မှုအားနည်းကြပါသည်။လူငယ်ရိပ်သာ၊စာကြည့်တိုက်များမရှိပါ။ ရိုးရာပွဲတော်၊ ဘာသာရေးပွဲတော်များကို အလေးထား ဆောင်ရွက်ကြပါသည်။ လူမှုရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့စည်းများတက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြပါသည်။ လူငယ်များသည် သမရိုးကျ လယ်ယာများကို မိဘနှင့်အတူ စိုက်ပျိုးကြပြီး စားဝတ်နေရေးအတွက် စီးပွားရှာကြပါသည်။ရွာတွင် လက်မှုပညာတတ်မြောက်သူနှင့် အသက်မွေးဝမ်းကျောင်း ပြုသူရှားပါးမှုကြောင့် လူငယ်များ ပျက်စီးဆုံးရှုံး နေရပါသည်။ ရွာ၏ လူငယ်များကို ပြင်ပအဖွဲ့စည်းများနှင့် အစိုးရအဖွဲ့အစည်းများမှ အသိပညာ၊

အတတ်ပညာ သင်တန်း ပို့ချမှုနှင့် အခြားဝန်ဆောင်မှုများရရှိလျှင် အလွန်ပင်အဖိုးတန်သော လူငယ်များအမြောက်အများ ထွက်ရှိလာမည် ဖြစ်သည်။

(၄) တည်ငြိမ်အေးချမ်းမှု နှင့် ပြည်သူလုံခြုံရေး။။။ ကျွန်တော်တို့ရွာ၏ လုံခြုံရေး အခြေအနေ မှာ အသင့်အတင့်သာရှိသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဖြန့်ဝေခြင်း ဆိုင်ရာ အထောက်အကူပြု အဆောက်အဦးများ မရှိပါ။ အကြမ်းဖက်လုယက်မှု၊လူကုန်ကူးမှု၊ခိုးမှုများမရှိပါ။

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတား များ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ အကျဉ်းချုပ်

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ဖြစ်သော အခြေအနေကောင်းများ အသင့်အတင့် ရှိပါသည်။လူငယ်လူရွယ်များနှင့်ရွာသူရွာသားများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွ စွာပူးပေါင်းဆောင်ရွက်ကြပါသည်။စိုက်ပျိုးရေးအတွက် လယ်ယာမြေများရှိပြီး မြေဩဇာ အသင့် အတင့်ကောင်းမွန်ပါသည်။ရေအရင်းအမြစ်ရရှိနိုင်သော ချောင်းများ ရှိပါသည်။စိုက်ပျိုးရေး၊မွေးမြူ ရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ကုန်ကြမ်းများရရှိနိုင်ပါသည်။ သဘာဝတိရိစ္ဆာန်မျိုးစိတ်များပေါများပါသည်။ကျောက်၊သဲ၊ကျောက်စရစ်များမှာ ရွာတွင် ချောင်းများ ရှိသဖြင့် အလွယ်တကူရရှိနိုင်ပြီး ကားများ၊နွားလှည်းများဖြင့် သယ်ယူ၍ လိုအပ်သောနေရာများတွင် အသုံးပြုနိုင်ပါသည်။

(ခ) အဟန့်အတားများ နှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာတွင် နှစ်စဉ်စိုက်ပျိုးရေ မလိုရေများစွာဝင်ရောက်သည့်အတွက် ကျေးရွာတောင်သူများသည် စိုက်ပျိုးလယ်မြေများ နှစ်စဉ်ရေလွှမ်းမိုးမှုများခံနေရပါသည်။ အနီးအနားကျေးရွာများအသုံးပြုသော စိုက်ပျိုးရေအတွက် ရေနုတ်မြောင်းများဆည်ရန်လိုအပ်ပါသည်။သို့သော်လည်း ၎င်းကျေးရွာများနှင့် ညှိနှိုင်းဆောင်ရွက်မှုများမှရှိပါ။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် တစ်နှစ်ပတ်လုံးရေလုံလောက်စွာ ရရှိသောကြောင့် အဆင် ပြေပါသည်။စပါးစိုက်ပျိုး၍ရသော်လည်း ဈေးမကောင်းသဖြင့် ဝင်ငွေထင်သလောက် မရရှိဘဲအနည်းငယ်သာရရှိပါသည်။နည်းပညာ၊ ဗဟု သုတတတ်မြောက်မှု အားနည်းကြပါသည်။ နွားများ၊ ကျွဲများ အား စိုက်ပျိုးရေးအတွက် အဓိကထား မွေးမြူကြပြီး ဝက်မွေးမြူရေးအား စီးပွားဖြစ် တစ်ပိုင်တစ်နိုင် မွေးမြူကြ ပါ သည်။ ကြက်မွေးမြူသူအသင့်အတင့် ရှိပါသည်။နွားများကို လယ်လုပ်ရန်မွေးမြူကြပြီး ထွန်စက် များ ဖြင့်လည်း အသုံးပြုကြပါသည်။မျိုးကောင်းတိရစ္ဆာန်များအား လွယ်ကူစွာ ဝယ်ယူရရှိ နိုင် ကြပါ သည်။လုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် ချေးငွေအသင့်အတင့်ရရှိပါသည်။ စိုက်ပျိုး မွေးမြူရေး

လုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အလမ်းရှိသော်လည်း နည်းပညာ၊ ဗဟုသုတ၊ ချေးငွေ၊ စျေးကွက်များလက်လှမ်းမမီကြပါ။

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျွန်တော်တို့ ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသည် ကျေးရွာဖြစ်သည့် အားလျော်စွာ နောင်ငါးနှစ်အတွင်း လုပ်ကိုင် ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အသေးစား၊ အလတ်စား ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်လာစေရန် အောက်ပါအတိုင်း ချမှတ်ခဲ့ပါသည်။

(က၊၁) စိုက်ပျိုးထုတ်ကုန်များတိုးတက်ထုတ်လုပ်ခြင်း၊ မွေးမြူရေးတိရိစ္ဆာန်များ တိုးတက်မွေးမြူခြင်း၊ တစ်နိုင်တစ်ပိုင် အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ တိုးချဲ့ လုပ်ကိုင်ခြင်းအားဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါများလာပြီး မိသားစု ဝင်ငွေတိုးလာစေရမည်။

(က၊၂) အခြေခံ ပညာရေး၊ ကျန်းမာရေး၊ ရေ နှင့် သန့်ရှင်းရေး၊ လမ်းပန်းဆက်သွယ်ရေး နှင့် ကျေးရွာမီးလင်းရေးစသည့် လူမှုအခြေခံအဆောက်အဦများ လက်လှမ်းမီမှု တိုးတက်လာပြီး ကျေးရွာလူထု၏ လူမှုဘဝအဆင့်အတန်း ပိုမိုတိုးတက်လာ စေရမည်။

(က၊၃) ကျေးရွာသောက်သုံးရေ အလုံအလောက်ရရှိရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ပြီး ကျေးရွာ သောက်သုံးရေရရှိရေး ဆောင်ရွက်သွားမည်။

(က၊၄) ကျေးရွာမြေနေရာတိုးချဲ့ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ကာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်သွားမည်။

(ခ) ဖွံ့ဖြိုးရေးဗျူဟာ

ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကျေးရွာ အတွင်း အဟန့်အတားများ၊ စိန်ခေါ်မှုများကိုကျော်လွှားနိုင်ရန် ဖွံ့ဖြိုးရေးကို အထောက်အကူ ဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထု များ ပူးပေါင်းပါဝင်ခြင်းဖြင့် ဖော်ထုတ် ထားပါ သည်။

(၁) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန် ဆည်မြောင်းဦးစီးဌာနနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေ တစ်နှစ်ပတ်လုံး လုံလောက်စွာရရှိရန် ချိတ်ဆက်ဆောင်ရွက်ရမည်။ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ခေတ်မီစိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းနည်းပညာများ၊ ဘက်စုံပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းများ၊ မြေဆီလွှာနှင့်မြေဩဇာအသုံးပြုနည်းများစသော စိုက်ပျိုးရေးနည်းပညာများကို ချိတ်ဆက်ရယူသွားရမည်။ အာမခံချက်ရှိသော သီးနှံထုတ်ကုန်ဈေးနှုန်းများရရှိရန် မြို့နယ်သီးနှံကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ချိတ်ဆက်လုပ်ဆောင်သွားရမည်။ မြို့နယ်တိရိစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် အခြေခံမွေးမြူရေးနည်းပညာနှင့် ကာကွယ်ဆေးကုသဆေးများလက်လှမ်းမီရန် လုပ်ဆောင်သွားရန်ဖြစ်ပါသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေအစီအစဉ်များနှင့် ချိတ်ဆက်ခြင်းများ ပြုလုပ်သွားရမည်။

(၂) ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရန် မိဘဆရာပူးပေါင်း၍ ဆောင်ရွက်ခြင်း၊ သင်ကြားရေးအထောက်အကူပြုများ ဖြည့်ဆည်းခြင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း၊ ဆရာဆရာမများ ပြည့်စုံအောင် ဆောင်ရွက်ခြင်း၊ ပြုလုပ်သွားမည်။ တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု နှင့် ဝန်ဆောင်မှုများ ချိတ်ဆက်ခြင်း၊ တစ်နှစ်ပတ်လုံး ရေရရှိအောင် စိမ့်စမ်းရေသွယ်ယူခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ခြင်းတို့ကို လုပ်ဆောင်ကြရပါမည်။ ထို့အပြင် လူငယ်များစာပေဗဟုသုတလက်လှမ်းမီရန် စာဖတ်အလေ့အကျင့်ဖြစ်လာစေရန် စာကြည့်တိုက် အသင်းများဖွဲ့စည်းခြင်း၊ စာအုပ်စာပေများ လက်လှမ်းမှီရန် ပြန်/ဆက်ဌာနများနှင့်ချိတ်ဆက် ခြင်း၊ စာပေဟောပြောပွဲ၊ ဆွေးနွေးပွဲများဖန်တီး ပေးခြင်း၊ လူငယ်စွမ်းရည် မြှင့်တင်ရေး လုပ်ငန်းများမိတ်ဆက်ပေးခြင်း၊ စာဖတ်ရန်အလေ့အထ ထွန်းကားရန် အသိနှိုးဆော်ခြင်း၊ လူငယ်များအား အားကစားလှုပ်ရှားမှုများလက်လှမ်းမီရန် ဖန်တီးပေးရန် တို့ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် ကူးသန်းသွားလာရေးအတွက် ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းနှင့် ရွာချင်းဆက်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တံတားများတည်ဆောက်ခြင်၊ ကျေးရွာတွင်လိုအပ်လျက်ရှိသော သောက်သုံးရေအလုံအလောက်ရရှိရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာ၏ လိုအပ်ချက်များ ပြည့်စုံကာ ကျေးရွာ ဖွံ့ဖြိုးလာစေရမည်။

(၇)။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင် မဖြေရှင်းနိုင်သော ပြဿနာများအတွက် နိုင်ငံတော် အဆင့်မှ မူဝါဒဆိုင်ရာ အရေးထားဆောင်ရွက်မှုနှင့် အစီအစဉ်ကျသော ပံ့ပိုးမှုများအပြင် ဒေသအဆင့်၊ မြို့နယ်အဆင့်တို့မှ အစီအစဉ်ကျသော ထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများ လုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည် စိုက်ပျိုးရေးကို အခြေခံသောကျေးရွာတစ်ရွာဖြစ်သည့်အတွက် စိုက်ပျိုး ရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှုနှင့် အထွက်နှုန်းတိုးတက်ရန်အတွက် များစွာ အရေးကြီးပါသည်။ စိုက်ပျိုးရေလုံလောက်ရန် ငွေကြေး၊ နည်းပညာများကို ဆည်မြောင်းဌာန၊ အခြားသက်ဆိုင်ရာ ဌာနများမှ လိုအပ်သော နည်းပညာ၊ ငွေကြေးပံ့ပိုးနိုင်ရန် မူဝါဒများ၊ အစီအစဉ်များ ချမှတ်ရန် လိုအပ်မည်။ ထို့အပြင် ပိုးမွှားရောဂါကျရောက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ မသုံးနိုင်ခြင်းများကြောင့် နှစ်စဉ်နှစ်တိုင်း အထွက်နှုန်း ကျဆင်း လာပါသည်။ စိုက်ပျိုးရေးပညာပေးဌာနတွင် ဝန်ထမ်းမလုံ လောက်ခြင်း၊ ဘတ်ဂျက်မပြည့်စုံခြင်း၊ ကွင်းပုံမှန် မဆင်းနိုင်ခြင်းများသည် အကြောင်းတစ်ရပ် ဖြစ်ပါသည်။ ထို့ကြောင့် မူဝါဒများ၊ ဘတ်ဂျက်များကို ဒေသ လိုအပ်ချက်များကို အခြေခံ၍ ရေးဆွဲပြီး၊ ကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းခန့်ထားရေး၊ လုံလောက်သော ဘတ်ဂျက်လျာထားချက် များထားရှိခြင်း များကို လုပ်ဆောင်သင့်ပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်းမရှိပါ။ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ တစ်နိုင်တစ်ပိုင်မွေးမြူရေးချေးငွေအစီအစဉ်များ ဆိုင်ရာမူဝါဒများ ချမှတ်သင့်ပါသည်။

(ဂ) ကျေးလက်ဒေသရှိ လူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး ဆိုင်ရာ မူဝါဒများကိုလည်း ထိရောက်စွာလုပ်ဆောင်သင့်ပါသည်။ အောက်ခြေတွင် လိုအပ်သော အခြေခံကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံအဆောက်အဦများ ဖြည့်ဆည်းပေးနိုင်ရန် ဘတ်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့် လုပ်ဆောင်ရပါမည်။ ပညာရေး တတ်မြောက်မှုကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ပညာရေး ဆိုင်ရာ အခြေခံအဆောက်အဦများ ဖြည့် ဆည်းပေးရန် လိုပါမည်။

(ဃ) ကျေးရွာတွင် အမျိုးမျိုးသောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ကျေးရွာ အခြေပြု အသေးစား စီးပွားရေးလုပ်ငန်း များ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေသော လက်လှမ်း မီနိုင်သော ဘဏ်လုပ်ငန်းများ၊ ချေးငွေ စနစ်များ လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအခြေခံ တစ်နိုင် တစ်ပိုင် စီးပွားရေးလုပ်ငန်း များ တိုးမြှင့် လုပ်ဆောင် နိုင်ရန် အခြေခံကျွမ်းကျင်မှုသင်တန်းများ၊ တန်ဖိုးမြှင့် ထုတ်ကုန်လုပ်ငန်းများ လုပ်ဆောင်ရန် မူဝါဒများ ချမှတ် လုပ်ဆောင်ရန်လိုပါမည်။

(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာ

ပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများ မရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေး နည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာ အတွင်း ထပ်တိုးစီမံချက်များ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေးစီမံမှု ဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူ စေရန် ဦးတည်ပါသည်။ ဒေသတွင်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ ဘေးအန္တရာယ်၊ အခြားအရေးပေါ် ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ် မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန် ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်း ချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် **နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်**ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာ အချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက် အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classify-cation သည် စီမံချက်များ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်း များ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

(၁) ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံချက်နှင့် စီမံချက်ဘတ်ဂျက်သည် (က) မည်သည့် ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍ စသည်)၊ (ခ) မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည် ဖြင့် ခွဲခြား သတ်မှတ်နည်းဖြစ်ပါသည်။

(၂) ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖေါ်ပြခြင်း ဖြစ်ပါသည်။

- သာမန် အသုံးစရိတ် (Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခ စသည်များ၊
- ငွေလုံးငွေရင်း အသုံးစရိတ် (Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများ နှင့် ပုံသေဝယ်ယူ၍ ရသော ရင်းနှီးမြှုပ်နှံမှုများ၊
- စွမ်းဆောင်ရည်မြှင့်တင်ရေး အသုံးစရိတ် (Capacity Building Expenditure) ဥပမာ – ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊
- လူသားချင်း စာနာမှု အထောက်အပံ့ (Humanitarian Support)

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး အစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက်သင့် သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ /သား ကိုယ်စား ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များမှ ဦးစားပေးရမည့် စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစီမံချက်များ

ကဏ္ဍ	စီမံချက်	ရ မှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၁။ အခြေခံအဆောက်အဦ	၁။ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့မြှင့်တင်ခြင်း	၄၇	၃	ကျေးရွာချင်းဆက်လမ်းများသည် မြေသားလမ်းများ ဖြစ်သည့်အတွက် မိုးရာသီတွင် ရေကြီး ရေလျှံမှု ဖြစ်ကာ လမ်းများရေဝပ်ခြင်းကြောင့် ကျင်းများ၊ ချိုင့်များဖြစ်နေပြီး သွားလာရခက်ခဲမှုများဖြစ်နေခြင်းကြောင့် မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်း အဆင့်သို့ မြှင့်တင်ရန်လိုအပ်နေခြင်း ဖြစ်ပါသည်။	
	၂။ ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၁၇	၇	ကျေးရွာချင်းဆက်လမ်းပေါ်တွင် တည်ရှိသော တံတားများသည် သစ်သားတံတားများဖြစ်ပြီး နှစ်ကာလကြာမြင့်နေပြီဖြစ်ကာ အိုဟောင်း ဆွေးမြေ့နေပြီး သွားလာသူများ အန္တရာယ်များခြင်းကြောင့် သစ်သားတံတားမှ ကွန်ကရစ်တံတား တည်ဆောက်ရန် လိုအပ်ခြင်းဖြစ်ပါသည်။	
၂။ ရေပေးရေး	၃။စက်ရေတွင်းတူးဖော်ခြင်း	၆၅	၁	ကျေးရွာတွင် တစ်ရွာလုံးမှ သောက်သုံးရေတွင်းမှာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်းမှ (၁)တွင်းသာ ရှိပြီး နွေရာသီတွင် သောက်သုံးရေမလုံလောက်မှု ဖြစ်သောကြောင့် စက်ရေတွင်းတူးဖော်ရန်အတွက် လိုအပ်နေခြင်းဖြစ်ပါသည်။	
၃။စိုက်ပျိုးရေး	၄။ရေသွင်းမြောင်းဘောင်လမ်းနှင့် မြောင်းဘောင်များအား မြေသားအဆင့်မှ			စိုက်ပျိုးမြေယာများသို့ နှစ်စဉ် မလိုရေများနှစ်စဉ်ဆိုးရွားစွာဝင်ရောက်မှုကြောင့် စိုက်ပျိုးမြေယာများ	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
	ကွန်ကရစ်အဆင့်သို့ မြှင့်တင်ခြင်း	၅၆	၂	များစွာ ပျက်စီးဆုံးရှုံးမှုများကို ခံစားနေရသောကြောင့် လက်ရှိ ရေသွင်းမြောင်းဘောင်များကို မြေသားအဆင့်မှ ကွန်ကရစ်အဆင့်သို့ ပြောင်းလဲဆောင်ရွက်ရန်လိုအပ်နေခြင်းဖြစ်ပါသည်။	
	၅။ရေထိန်းနံရံတည်းဆောက်ခြင်း	၃၉	၄	ချောင်းကမ်းပါးများပြိုကျမှုကြောင့် နှစ်စဉ် ရေကြီးနစ်မြုပ်မှုကို ခံစားနေရသောကြောင့် ချောင်းကမ်းပါး မြေများပြိုကျမှုကို ရေထိန်းနံရံ တည်ဆောက်ထိန်းသိမ်းရန်လိုအပ်ရခြင်းဖြစ်ပါသည်။	
၄။စီမံခန့်ခွဲမှု	၆။ကျေးရွာသစ်တိုးမြေနေရာ သတ်မှတ်ဆောင်ရွက်ခြင်း	၂၇	၆	ကျေးရွာမြေနေရာသည် ကျဉ်းမြောင်းသည့်အတွက် အိမ်ထောင်သစ်ထူထောင်သူများအနေဖြင့် မြေနေရာများမရှိခြင်း ယာခင်းများတွင်လည်း တရားဝင်နေထိုင်ခွင့်မှရှိခြင်းများအတွက် အိမ်ယာသစ် ထူထောင်သူများအနေဖြင့် လွန်စွာခက်ခဲလျက် ရှိသောကြောင့် မြေနေအသစ်တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ခြင်းဖြစ်ပါသည်။	
၅။ဘဏ်နှင့်ငွေကြေး	၇။လုံလောက်သည့်ချေးငွေပမာဏရရှိအောင် ဆောင်ရွက်ခြင်း	၃၂	၁	ကျေးရွာငယ်လေးဖြစ်သည့်အလျောက် ကျေးရွာတွင်းတွင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများကို စီးပွားဖြစ် လုပ်ကိုင်လိုသော်လည်း အရင်းအနှီးမရှိဖြစ်ကာ လုပ်ငန်းအကောင် အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသောကြောင့် ချေးငွေရရှိရန် လိုအပ်ခြင်းဖြစ်ပါသည်။	

ကဏ္ဍ	စီမံချက်	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်းရှင်းလင်းချက်	မှတ်ချက်
၆။အသိပညာပေး လုပ်ငန်း	၈။ငါးမျိုးကွဲများဆုံးရှုံးမှုနှင့် ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း	၁၁	၈	ကျေးရွာအနီးပတ်ဝန်းကျင်ရှိ ချောင်းမြောင်းများတွင် လျှပ်စစ်ရှော့တိုက်ကာ ငါးဖမ်းခြင်း၊ ငါးဗုံး ခွဲခြင်းများပြုလုပ်ခြင်းကြောင့် ငါးမျိုးစိတ်များ သုဉ်းလုနီးပါးဖြစ်နေသောကြောင့် ငါးမျိုးခွဲဆုံးရှုံးမှုနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လိုအပ်ခြင်းဖြစ်ပါသည်။	

(ဃ) အကောင်အထည်ဖော် မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံချက်	ဦးစားပေး အဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင် ဆောင်ရွက်ခြင်း • ၁။ မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့မြှင့်တင်ခြင်း • ကွန်ကရစ်တံတားတည်ဆောက်ခြင်း	၃ ၇	✓	Â			
၂	စက်ရေတွင်းတူးဖော်ခြင်း	၁	Â		**Â**		
၃	ရေသွင်းမြောင်းဘောင်လမ်းနှင့် မြောင်းဘောင်များအား မြေသားအဆင့်မှ ကွန်ကရစ်အဆင့်သို့ မြှင့်တင်ခြင်း	၂	Â	**Â**	**Â**		
၄	ရေထိန်းနံရံတည်းဆောက်ခြင်း	၄		**Â**	**Â**		
၅	ကျေးရွာသစ်တိုးမြေနေရာ သတ်မှတ်ဆောင်ရွက်ခြင်း	၆		**Â**	**Â**		
၆	လုံလောက်သည့်ချေးငွေပမာဏ ရရှိအောင် ဆောင်ရွက်ခြင်း	၅	Â	**Â**	**Â**		
၇	ငါးမျိုးကွဲများဆုံးရှုံးမှုနှင့် ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း	၈			**Â**		

(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်

ဘတ်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘတ်ဂျက်ကို အစီအစဉ် ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘတ်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘတ်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သား အင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။

စီမံချက် ဘတ်ဂျက်

စဉ်	စီမံချက်	ရန်ပုံငွေ (သိန်း)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံး စရိတ်		လူသားချင်းစာနာမှုအထောက်အပံ့
				ငွေလုံးငွေရင်း	စွမ်းဆောင် ရည်မြှင့်တင်ရေး	
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်အောင်ဆောင်ရွက်ခြင်း • မြေသားလမ်းမှ ကျောက်ခင်းလမ်း • သစ်သားတံတားမှ ကွန်ကရစ်တံတားသို့ အဆင့်မြှင့်တင်ခြင်း			✓ ✓		
၂	စက်ရေတွင်းတူးဖော်ခြင်း			✓		
၃	ရေသွင်းမြောင်းဘောင်လမ်းနှင့် မြောင်းဘောင်များအား မြေသားအဆင့်မှ ကွန်ကရစ်အဆင့်သို့ မြှင့်တင်ခြင်း			Â		
၄	ရေထိန်းနံရံတည်းဆောက်ခြင်း			Â		
၅	ကျေးရွာသစ်တိုးမြေနေရာသတ်မှတ် ဆောင်ရွက်ခြင်း			Â		
၆	လုံလောက်သည့်ချေးငွေပမာဏ ရရှိအောင် ဆောင်ရွက်ခြင်း			Â		
၇	ငါးမျိုးကွဲများဆုံးရှုံးမှုနှင့်			Â		

	ပတ်သက်၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း					

(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်း အောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံချက်လုပ်ငန်းများကို အထိရောက် ဆုံး အကောင် အထည် ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ် ညှိနှိုင်း ရေးနှင့် စီမံခန့်ခွဲရေး တာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန် များ ခွဲဝေ အပ်နှင်း၍ သက်ဆိုင်ရာစီမံချက်များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်း သည် ကျေးရွာ မူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန်တာဝန်ယူ ဆောင်ရွက် စေ၍ လယ်သမား အဖွဲ့က ကျေးရွာ လယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်း လုပ်ငန်းကို တာဝန် ယူ ဆောင်ရွက် စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံချက်များ အကောင်အထည်ဖော်ရာ တွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့များကိုလည်း ရှာဖွေ ဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ် နိုင်သော အကူအညီများ ရယူဆောင် ရွက်ရန် ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေး သင်ကြားမှု အရည်အသွေး တိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ် ပညာရေး ဌာနနှင့် ချိတ်ဆက် ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမား အဖွဲ့ အစည်း ကလည်း လယ်ယာ ကုန်ထုတ် လုပ်ငန်း အထောက် အကူပြုလမ်း အဆင့်မြှင့် တင်ရန် မြို့နယ်ဆောက်လုပ် ရေး ဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူ အညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံချက်လုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်း အမျိုးအစားများအတွက် အောက်ပါ အဖွဲ့ အစည်း/ ပုဂ္ဂိုလ် များ၏ ပါဝင်မှုမှာ အမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှု အဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့ အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံ ကြီးကြပ်ရန် တာဝန်မှာ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီး ကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီး ကပ်ကပ် ပူးပေါင်း ဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့ အစည်း ဆိုင်ရာ အစီအစဉ်များနှင့် ငွေကြေးဆိုင်ရာ အစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထား ရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်း တို့ဆောင် ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာ သယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်း ကမ်း များ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့ အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတား ပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်း ပြုပြင်ထိန်းသိမ်းရေးအတွက် မိဘ ဆရာအသင်း စသည်ဖြင့် ဆောင် ရွက်ပါမည်။

၁၁။ စီမံကိန်းကြီးကြပ်စစ်ဆေးခြင်း နှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေ အနေ များအား စနစ်တကျကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ် စစ်ဆေး အကဲ ဖြတ်ခြင်း လုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။

သို့မှသာ ရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကောင် အထည် ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ် စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ ၊ အိမ်ထောင်စု များ တက်ကြွစွာ အတူပူးပေါင်း ဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်း များတည် ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာ တိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ် စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ် ဆေး ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူ ဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးတို့က မိမိတို့ တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေး သုံးသပ် ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦး သတင်းအချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်း အချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း (indicator) များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့ အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ(monitoring report) ကို ရွာလူထု အစည်း အဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃) လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည် ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင် သင့်သော အဆို ပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအနှီးလိုအပ်ချက်များစုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်း ယှဉ်၍)၊

- (၃) လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသား နှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့ နေရသော အခက်အခဲ များ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ အနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါ အချက်များကိုအဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင် ကျော်လွှား မှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲ ဆောင်ရွက် မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီ အထောက်အပံ့များ စသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလ နှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှု အခြေအနေကို ဘက်စုံ ရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ် ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများကို အောက်ပါ အဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ
  (ငွေကြေးထည့်ဝင်သူများ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြား ပါဝင်သက်ဆိုင် သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်း ကိုလည်းရရှိပါမည်။ ဤအကြံပြုချက် များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦးကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကိုမြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှု	ဖြေရှင်းရမည့် နည်းလမ်း	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၁။	• ကျေးရွာချင်းဆက်လမ်းများမကောင်းခြင်း	မြေသားလမ်းများဖြစ်နေပြီးမိုးရာသီတွင် ရေကြီးရေလျှံ ရေဝပ်ခြင်းများကြောင့် ကျင်းချို့ငွဲများဖြစ်နေပြီး သွားလာရခက်ခဲမှုများ ရှိနေခြင်း	• ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရှိနေခြင်း • ကျေးရွာမှလုပ်အားများရှိခြင်း • သဲကျောက်စရစ်များလွယ်ကူစွာရရှိခြင်း	• ငွေကြေးမတတ်နိုင်ကြခြင်း • နည်းပညာ အားနည်းခြင်း •	• ကျေးလက်လမ်းဦးစီးဌာနှင့်ချိတ်ဆက်၍ ဖြေရှင်းနိုင်ခြင်း • သဲကျောက်စရစ်များရရှိအောင်ဆောင်ရွက်ခြင်း	မြေသားလမ်းအဆင့်မှ ကျောက်ချောလမ်းသို့ မြှင့်တင်ဆောင်ရွက်ခြင်း
၂။	• သောက်သုံးရေ မလုံလောက်ခြင်း	• တစ်ရွာလုံးတွင် ရေတွင်း (၁)တွင်းသာ ရှိခြင်း • နွေရာသီတွင် သောက်သုံးရေ ခမ်းခြောက်ခြင်း	• ကျေးလက်ဦးစီးဌာန ရှိခြင်း	• ငွေကြေးမတတ်နိုင်ခြင်း	• ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ဖြေရှင်းနိုင်ခြင်း	• စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း
၃။	• သပြေသာကျေးရွာနှင့် လယ်ကွင်းများသို့ နှစ်စဉ် မလိုရေများ ဆိုးရွားစွာဝင်ရောက်ခြင်း	• ကျေးရွာနှင့် လယ်ကွင်းများကိုကာကွယ်ထားေော ရေသွင်းမြောင်းဘောင်များ ကျိုးပေါက်ပျက်စီးနေခြင်း	• ဆည်မြောင်းဦးစီးဌာနနှင့် လမ်းဦးစီးဌာနရှိခြင်း • ကျေးရွာမှ လုပ်အားအပြည့်အဝရရှိနိုင်ခြင်း	• ငွေကြေးမတတ်နိုင်ခြင်း • နည်းပညာမရှိခြင်း	• သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	• ရေသွင်းမြောင်းဘောင်လမ်းအား မြေသားအဆင့်မှ ကျောက်ချောလမ်းအဆင့်သို့မြှင့်တင်ခြင်းလုပ်ငန်း

၄။	• ရွာချင်းဆက်လမ်းမကောင်းခြင်း	• မြေသားလမ်းဖြစ်နေခြင်း • ကုန်စည်စီးဆင်းမှုနှေးကွေးခြင်း • သွားလာရခက်ခဲခြင်း	• လုပ်အားများထည့်ဝင်နိုင်ခြင်း • လမ်းအူကြောင်းရှိခြင်း • စက်ယန္တယားများဌားရမ်းရလွယ်ကူခြင်း	• သွားလာရခက်ခဲခြင်း • ငွေကြေးမတတ်နိုင်ခြင်း • ကျေးရွာဖွံ့ဖြိုးမှုနောက်ကျခြင်း	• ကျေးလက်လမ်းဌာနနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း • ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့်ညှိနှိုင်းခြင်း	• မြေသားလမ်းမှကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်း
၅။	• တံတားများပျက်စီးရေသောကြောင့် အန္တရယ်များခြင်း	• သစ်သားတံတားဖြစ်နေခြင်း	• လုပ်အားများတည့်ဝင်နိုင်ခြင်း	• ငွေကြေးမတတ်နိုင်ခြင်း • နည်းပညာမရှိခြင်း	• ကျေးလက်လမ်းဦးစီးဌာနနှင့်ချိတ်ဆက်ခြင်း	• သစ်သားတံတားမှကွန်ကရစ်တံတားသို့အဆင့်မြှင့်တင်ခြင်း

လွင်ကြီးကျေးရွာ၊ လွင်ကြီးကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးစံမောင်	ဦးတင်ဖေ	၅/ဝသန(နိုင်)၀၀၁၀၅၆	၄၈	ဥက္ကဋ္ဌ	၀၉-၄၂၄၇၄၀၀၉
၂	ဦးညီညီဝင်း	ဦးအောင်ရွှေ	၅/ဝသန(နိုင်)၀၀၁၀၆၂	၄၂	အတွင်းရေးမှူး	၀၉-၂၅၈၆၅၇၈၈၇
၃	ဦးကျော်မင်းထွန်း	ဦးတင်ရွှေ	၅/ကလန(နိုင်)၀၅၈၅၂၁	၂၇	စာရင်းကိုင်	၀၉-၂၅၆၀၆၇၆၄၉
၄	ဦးစိုးဝင်း	ဦးကျင်ရွှေ	၅/ဝသန(နိုင်)၀၀၁၅၄၆	၄၄	ဘဏ္ဍာရေးမှူး	၀၉-၂၆၅၇၃၃၀၄၀
၅	ဦးတင်စိုး	ဦးခင်မောင်	၅/ဝသန(နိုင်)၀၀၀၈၅၇	၄၄	သော့ကိုင်(၁)	၀၉-၄၂၃၆၇၃၆၆၇
၆	ဦးဌေးကို	ဦးလှဦး	၅/ဝသန(နိုင်)၀၀၀၉၄၈	၄၃	သော့ကိုင်(၂)	၀၉-၂၅၉၈၇၅၉၀၅
၇	ဦးမြစံထက်	ဦးမြမောင်	၅/ဝသန(နိုင်)၀၄၆၇၁၀	၃၉	အဖွဲ့ဝင်	၀၉-၉၅၈၇၉၅၁၂၉
၈	ဦးဌေးလွင်	ဦးလှဦး	၅/ဝသန(နိုင်)၀၁၄၀၇၁	၄၇	အဖွဲ့ဝင်	

၉	ဦးဖိုးကွန်	ဦးစိုးမောင်	၅/ဝသန(နိုင်)၀၁၈၉၇ဖ	၅၃	အဖွဲ့ဝင်	
၁၀။	ဦးစိန်လွင်	ဦးမောင်ပု	၅/ဝသန(နိုင်)၀၄၅၉၃၇	၃၈	အဖွဲ့ဝင်	၀၉-၂၅၆၄၈၉၄၄၁
၁၁။	ဦးဟိန်းစိုး	ဦးတင်လေး	၅/ဝသန(နိုင်)၀၄၁၀၅၉	၃၉	အဖွဲ့ဝင်	၀၉-၂၅၆၀၆၄၃၃၀

ရည်ညွှန်းချက်များ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း လမ်းညွှန်စာအုပ်၊ ၂၀၁၅၊ မေ၊

၂။ ကျေးရွာ၏ လူမှုစီးပွားရေးအထောက်အကူပြု ဇယားများ

အပိုင်း(ခ) စီမံချက်ဆိုင်ရာ အချက်အလက်များ

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- လွင်ကြီးကျေးရွာ
ကျေးရွာအုပ်စု	- လွင်ကြီးကျေးရွာအုပ်စု
မြို့နယ်	- ဝန်းသိုမြို့နယ်
တိုင်းဒေသကြီး / ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ရွာတွင်းလမ်းကျင်းကျောက်ခင်းခြင်း	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ ရွာအနီးအနားတွင်ကျင်းကျောက်များရရှိနိုင်ခြင်း၊လုပ်အားထည့်ဝင်နိုင်ခြင်း	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအား ပိုကောင်းအောင်ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်) ရွာတွင်းလမ်းများ မညီညာခြင်း၊ကောင်းမွန်အောင်၊သွားလာရလွယ်ကူအောင်ဆောင်ရွက်လိုခြင်း	
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏလုပ်ရမည်) ရွာတွင်လမ်းကျင်းကျောက်ခင်းခြင်း(၅၇၀၀'×၁၂'×၉")	
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• ၁၀၀ သိန်း(ငွေသား) • (ငွေသား) • .....၄၃သိန်း.....(ပစ္စည်း/လုပ်အား) •	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ •

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၂၀၂	၂၂၂	၄၂၄	၂၇	၂၇	၂၁	၁၅	၈၀
အကျိုးခံစားမည့် ဦးရေ	၂၀၂	၂၂၂	၄၂၄	၂၇	၂၇	၂၁	၁၅	၈၀
မှတ်ချက်။ ချောင်လည်အဆင့် –၁၊ အလယ်အလတ်အဆင့် – ၂၊ ဆင်းရဲ – ၃၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)၊ အကောင်ထည်ဖော်မည့်စနစ်
(၂) စီမံချက်စတင်မည့် အချိန် ခန့်မှန်း ၂၀၁၈ –၂၀၁၉
(၃) စီမံချက်ပြီးစီးမည့်အချိန် ၂၀၂၀– ၂၀၂၁
(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် ကျေးရွာမှ လုပ်အားထည့်ဝင်ပါမည်။
(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ ကျေးရွာသား/သူများ စည်းလုံးညီညွတ်စွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါသည်။